

International Labour Organization
100 1919-2019

# မြန်မာ့အထည်ချုပ်လုပ်ငန်းရှိ အမျိုးသမီးများ၏ ဇာတ်လမ်းအကြောင်းအရာများ

## မခိုင်ဇာအောင်

President, Industrial Worker's Federation of Myanmar (IWFM).

လုပ်ငန်းကဏ္ဍအတွေ့အကြုံ - ၁၈ နှစ်
လက်ရှိ ရာထူးအတွေ့အကြုံ - ၅ နှစ်

အသက် ၃၄နှစ်အရွယ် မခိုင်ဇာအောင်က အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ ကောင်းကျိုးများ ဆိုးကျိုးများနှင့် အဆင်မပြေမှုများကို ဘက်ပေါင်းစုံမှ ရှုမြင်ခဲ့ပါသည်။ ယနေ့အချိန်တွင် သူမက IWFM တွင် ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း သူမသည် အလုပ်သမားများ၏အခွင့်အရေးအတွက် ချန်ပီယံတစ်ယောက်ဖြစ်လာရမည်ဟူ၍ သူမ၏ဘဝခရီးကို စတင်ခဲ့ခြင်း မဟုတ်ပါ။

မခိုင်ဇာအောင်သည် ရန်ကုန်မြို့တောင်ဘက်ရှိ ကျောက်တန်းမြို့နယ်တွင် မွေးဖွားကြီးပြင်းခဲ့ပြီး မွေးချင်းမောင်နမ ၈ ယောက်အနက် ငါးယောက်မြောက် သမီးဖြစ်ပါသည်။ ငယ်စဉ်အခါက သူမ၏မိသားစုမှာ စားဝတ်နေရေးအတွက် များစွာ ရုန်းကန်ခဲ့ရသည်။ ထို့ကြောင့် မခိုင်ဇာအောင်သည် သူမ အထက်တန်း အောင်မြင်ပြီးသည့်အချိန်တွင် မိသားစုကို ထောက်ပံ့ကူညီရန် အတွက် မိသားစုကို ထောက်ပံ့ကူညီရန်အတွက် သာကေတစက်မှုဇုန်ရှိ အထည်ချုပ် စက်ရုံ တစ်ရုံတွင် စတင် အလုပ်လုပ်ကိုင်ခဲ့သည်။ သူမသည် အဂေးသင်ပညာရေးဖြင့် စီးပွါးရေးဘွဲ့ကို ရရှိရန် ကြိုးစားရုန်းကန် နေစဉ် တစ်လျှောက် အထည်ချုပ်စက်ရုံများတွင် ပြောင်းလဲလုပ်ကိုင်ခဲ့သည်။ သူမသည် STEP အမှတ်တံဆိပ် အဝတ်အစားများထုတ်လုပ်သော အထည်ချုပ်စက်ရုံတွင်သော်လည်းကောင်း၊ မီးရထားဌာနတွင်သော်လည်းကောင်း အလုပ်လုပ်ကိုင်ခဲ့ဖူးပါသည်။

လူငယ်တစ်ယောက်အနေဖြင့် မခိုင်ဇာအောင်သည် သူမ၏ ပညာရေးတိုးတက်စေရန်နှင့် အသက်မွေးဝမ်းကြောင်းအလုပ် ဖွံ့ဖြိုးတိုးတက်စေရန်စေရန်အတွက် အခွင့်အလမ်းသစ်များကို အမြဲမပြတ် ရှာဖွေခဲ့သည်။ သို့သော်လည်း ထိုအချိန်က မြန်မာနိုင်ငံတွင် အတတ်ပညာလုပ်ငန်းများအတွက် အခွင့်အလမ်းမှာ အလွန်ပင် နည်းပါးခဲ့ကြောင်းတွေ့ရသည်။ သူမအနေဖြင့် ပညာရေးအတွက် မည်မျှပင်အချိန်ပေး လေ့လာခဲ့သည်ဖြစ်စေ အားစိုက်ထုတ်ခဲ့သည်ဖြစ်စေ ရရှိမည့် ရလဒ်မှာ အတူတူပင်ဖြစ်သည်။ အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် ပညာတတ်အမျိုးသမီးတစ်ယောက်အတွက် အခွင့်အလမ်းသည်လည်း များစွာ ရှိပုံ မပေါ်ခဲ့ပါ။

၂၀၁၁ ခုနှစ် မခိုင်ဇာအောင် အလုပ်စလုပ်သော အချိန်တွင် မြန်မာနိုင်ငံသည် စစ်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ရှိနေဆဲ ဖြစ်ပါသည်။ ဒီမိုကရေစီအသွင် ကူးပြောင်းရေး နိုင်ငံရေးလှုပ်ရှားမှုများသည်လည်း နှောင်အနာဂတ်ကာလတွင် ဆယ်နှစ်ခန့်ကြာမြှင့်ပြီးသည့်အချိန်မှပင် အစပြုခဲ့သည်။ စစ်အစိုးရ၏ စည်းမျဉ်းစည်းကမ်းများလက်အောက်တွင် အလုပ်သမားသမဂ္ဂများသည်လည်း တားမြစ်ခြင်းခံထားရသည်။ အလုပ်သမား သမဂ္ဂများတွင် ပါဝင်လှုပ်ရှားသူများ၊ ဦးဆောင်သူ အတော်များများသည်လည်း အကျဉ်းချခံထားရခြင်း သို့မဟုတ် နယ်စပ်ဒေသများတွင် အခြေပြု၍ လျို့ဝှက်ဆောင်ရွက်ရသည့် အချိန်ကာလဖြစ်သည်။ မခိုင်ဇာအောင်သည်လည်း မြန်မာနိုင်ငံတွင်းတွင် အလုပ်လုပ်ကိုင်ရသည့် အခြေအနေမှာ အမှန်တကယ်ပင် အလွန်ခက်ခဲကြောင်း သိရှိခဲ့ရပါသည်။

**“ အဲဒီအချိန်တုန်းက မြန်မာနိုင်ငံမှာ အလုပ်သမားတွေက တစ်ရက်ကို နာရီပေါင်း ၁၃ နာရီမှ ၁၅ နာရီအထိ အလုပ်လုပ်ခဲ့ကြရတယ်။ ပိတ်ရက်ကလည်း တစ်လမှာ တစ်ရက်လောက်ပဲ ရခဲ့ကြပါတယ်။ ဒါပေမယ့် ရလာတဲ့ လစာကတော့အလွန်နည်းပါတယ်။ အဲဒီအချိန်တုန်းကတော့ ကျွန်မတို့လည်း အလုပ်သမား အခွင့်အရေးဆိုတာ ဘာလဲ မသိခဲ့ပါဘူး။ ပြီးတော့ မြန်မာနိုင်ငံမှာ အလုပ်သမား အဖွဲ့အစည်းရယ်လို့လဲ မရှိခဲ့ပါဘူး။ ”**

မခိုင်ဇာအောင်က ဘွဲ့ရပြီးသည့်အချိန်တွင် လစာများများ နှင့် အလုပ်အကိုင်ကောင်းကောင်း တစ်ခုရနိုင်သော အခွင့်အလမ်းသစ်များကို ရှာဖွေခဲ့သည်။ သူမနှင့် အထည်ချုပ်စက်ရုံ တစ်ရုံတွင် အတူလုပ်ခဲ့သည့် လုပ်ဖော်ကိုင်ဖက်တစ်ယောက်က ထိုင်းနိုင်ငံတွင် အလုပ်သွားလုပ်ပြီး မြန်မာနိုင်ငံသို့ ခဏပြန်လာသည့် အချိန်တွင် မခိုင်ဇာအောင်နှင့် ထပ်မံ တွေ့ဆုံခဲ့သည်။ ထိုလုပ်ဖော်ကိုင်ဖက်အမျိုးသမီးက ထိုင်း မြန်မာနယ်စပ်၊ မဲဆောက်မြို့ရှိ သူမအလုပ်လုပ်နေသော အထည်ချုပ်စက်ရုံ၏ အတွေ့အကြုံ များကို မခိုင်ဇာအောင်အား ပြောပြခဲ့သည်။ မဲစောက်ရှိ အလုပ်အကိုင် အခြေအနေများမှာ ရန်ကုန်နှင့် ယှဉ်လျှင် သာလွန်ကောင်းမွန်နေခဲ့သည်။

မခိုင်ဇာအောင်သည်လည်း သူမ၏လက်ရှိအခြေအနေကို တိုးတက် အောင် လုပ်ရန် စိတ်အားထက်သန်နေသူဖြစ်သဖြင့် သူမ၏ လုပ်ဖော် ကိုင်ဖက် နှင့်အတူ ထိုင်းနိုင်ငံသို့ လိုက်သွားရန် ဆုံးဖြတ်ခဲ့သည်။ မခိုင်ဇာအောင်၏ မိဘများက အသက် ၂၀ သာရှိသေးသော သမီးဖြစ်သူ ထိုသို့ ထိုင်း နယ်စပ်သွားမည်ကို စိုးရိမ်ခဲ့ကြသော်လည်း တွန့်ဆုတ်စွာဖြင့်ပင် သဘောတူ ခဲ့သည်။ သူငယ်ချင်းဖြစ်သူ နှင့်အတူတကွသွားမည် ဖြစ်သဖြင့်လည်း သဘောတူခဲ့ခြင်းဖြစ်သည်။

မဲဆောက်ရှိ အထည်ချုပ်စက်ရုံတွင် စတင်အလုပ်ဝင်ပြီး မကြာမီပင် မခိုင်ဇာအောင်က အခြားသော လုပ်ဖော်ကိုင်ဖက်များအား မြန်မာနိုင်ငံ၏ လုပ်ခလစာနည်းပါးမှုနှင့် အလုပ်ချိန်များမှု နှင့် မိသားစုများ ခက်ခဲစွာ ရုန်းကန်ရသည့် အခြေအနေများ၊ ကလေးများ၏ ပညာရေး အခြေအနေများကို ဝမ်းနည်းစရာ အခြေအနေများအဖြစ် ပြောပြခဲ့သည်။ ထိုင်းနိုင်ငံတွင် ၇ နှစ်ကြာ အလုပ်လုပ်နေခဲ့ပြီဖြစ်သော မိတ်ဆွေအသစ်တစ်ယောက်က မခိုင်ဇာ အောင် အား “ အဲဒီလိုမျိုး ပြဿနာတွေအကြောင်း ဆွေးနွေးတာကို နားထောင်ဖို့ သင်တန်းတစ်ခုကို အလုပ်အားရက်မှာ ခေါ်သွားပေးမယ် ” ဟု ပြောခဲ့ သည်။ မခိုင်ဇာအောင်ကလည်း သဘောတူခဲ့ပြီး သူမနှင့်အတူ ထိုသင်တန်းသို့ သွားရောက်နားထောင်ခဲ့သည်။ ထိုဆွေးနွေးပွဲကို မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် FTUB မှ ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။



သင်တန်းတွင် မြန်မာနိုင်ငံသည် မည်သည့် အတွက်ကြောင့် ဆင်းရဲမွဲနေရသည် ဆိုသည်ကို လေ့လာခွင့်ရရှိခဲ့ပြီး မည်သို့ တိုးတက်ကောင်းမွန်လာအောင် လုပ်ရမည်ဆိုသည်ကို လေ့လာရန် စိတ်အား ထက်သန်ခဲ့သည်။ သူမအနေဖြင့်လည်း မြန်မာနိုင်ငံရှိ ထိုသို့သော ပြဿနာများကို မည်သို့ဖြေရှင်းရမည်ဟူ၍လဲ စတင်စဉ်းစားတွေးတောနေခဲ့သည်။ " ကျွန်မက အပတ်တိုင်း သင်တန်းသွားတက်ပြီး သင်တန်းဆရာတွေဆီကနေ လေ့လာခဲ့တယ်။ သင်တန်းက ပေးတဲ့ စာအုပ်တွေလည်း ဖတ်ခဲ့တယ်။ အလုပ်သမားတွေအတွက် ပိုပြီးကောင်းအောင် မြန်မာနိုင်ငံ အတွက် ပိုပြီးကောင်းအောင် လုပ်နိုင်မည့်နည်းလမ်းကို သင်တန်းက ဆရာတွေက သိမှာပဲလို့ ထင်ပြီး အဖွဲ့မှာ နေပြီး လေ့လာဖို့ ဆုံးဖြတ်ခဲ့တယ်။ ကာလ တစ်ခုထိလေ့လာပြီး ကျွန်မ မြန်မာနိုင်ငံကို ပြန်ရောက်တာနဲ့ ဒီအတွေးအခေါ်တွေကို အကောင်အထည်ဖော်ဖို့ကိုလည်း စိတ်အားထက်သန် နေခဲ့တယ်။ ထိုင်းနယ်စပ်မှာတော့ တစ်သက်လုံး လုပ်ဖို့ စိတ်ကူးမရှိခဲ့ဘူးပါဘူး။ တစ်နေ့ မြန်မာနိုင်ငံပြန်မယ်လို့လည်း ဆုံးဖြတ်ထားပြီးသားပေါ့။ " သို့သော်လည်း နိုင်ငံရေး အခြေအနေကြောင့် မခိုင်ဇာအောင်အတွက် အိမ်ပြန်ဖို့ အချိန်အတော်ကြာ နှောင့်နှေးခဲ့ရပါသည်။

အမှန်တကယ်အားဖြင့် မခိုင်ဇာအောင်သည် နိုင်ငံရေးကို ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ပါ။ သို့သော်လည်း အလုပ်သမားအဖွဲ့အစည်းတွင် နိုင်ငံအပြောင်းအလဲအတွက် မည်သို့ လုပ်ဆောင်ရမည်ကို လေ့လာနေဆဲတွင် ရွှေ့ပြောင်းအလုပ်သမားများအား ကူညီပေးခြင်း၊ သင်တန်းပေးခြင်း၊ ကိစ္စများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်စဉ် ကာလတွင် မဲဆောက်၌ နှစ်ကြိမ်တိုင်တိုင် အကျဉ်းကျခံခဲ့ရသည်။

နှစ်ကြိမ်မြောက် အကျဉ်းကျပြီးနောက် FTUB ၏ အထွေထွေအတွင်းရေးမှူး (ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ NUCB ၏ အထွေထွေအတွင်းရေးမှူး) ဦးမောင်မောင်နှင့် တွေ့ဆုံခွင့်ရခဲ့ပြီး FTUB ၏ အဖွဲ့ဝင်တစ်ဦး ဖြစ်လာခဲ့သည်။ မခိုင်ဇာအောင်သည် ဦးမောင်မောင်အား အရင်အချိန်က တစ်ခါမှ မတွေ့ဖူးသော်လည်း ဦးမောင်မောင်သည် မြန်မာဒီမိုကရေစီ ကူးပြောင်းရေး လှုပ်ရှားမှုအကြိုကာလတွင် အဓိက ခေါင်းဆောင်တစ်ယောက် ဖြစ်ပါသည်။ လက်ရှိတွင် သူသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (CTUM) တွင် ဥက္ကဋ္ဌ တာဝန် ထမ်းဆောင်လျက်ရှိသည်။ မခိုင်ဇာအောင်သည် FTUB ၏ တာဝန်ပေးချက်ဖြင့် ထိုင်းမြန်မာနယ်စပ် မဲဆောက်ရှိ နိုင်ငံရေး တပ်ပေါင်းစုဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) ရုံးတွင် လေးနှစ်ကျော်ကြာ အလုပ်လုပ်ကိုင် ရင်းဖြင့် နိုင်ငံရေးနှင့် ပတ်သက်၍ များစွာ လေ့လာခွင့်ရခဲ့သည်။ သူမသည် လုပ်ဖော်ကိုင်ဖက်များနှင့်အတူ နိုင်ငံရေး စကားဝိုင်းများတွင် စိတ်ပါဝင်စားစွာ ပါဝင်ခဲ့သည်။ ထို့ပြင် အလုပ်သမား သမဂ္ဂဖွဲ့စည်းရေးနှင့် လုပ်ငန်းလည်ပတ်ရေး၊ အလုပ်အကိုင်အခြေအနေများ တိုးတက်ကောင်းမွန်စေရန် ဦးစီးဦးဆောင်ပြု ဆောင်ရွက်ရေးနှင့်ပတ်သက်၍လည်း လေ့လာခဲ့သည်။

ဦးမောင်မောင်နှင့်တကွ NCUB တွင် အလုပ်လုပ်ခြင်းဖြင့် ရရှိလာသော အတွေ့အကြုံများက မခိုင်ဇာအောင်အတွက် များစွာ တိုးတက်စေခဲ့သည်။ သူမ၏ အသက်မွေးဝမ်းကြောင်းနှင့်ပတ်သက်သော ခံယူချက်သဘောထားများ ပြောင်းလဲသွားသည်ကိုလည်း သူမကိုယ်တိုင် သိမြင်ခဲ့သည်။ သူမအတွက် ရာထူးနေရာကောင်းကောင်း၊ လစာကောင်းကောင်းရှာဖွေခြင်းထက် မြန်မာနိုင်ငံရှိ အလုပ်သမားအားလုံး၏ အခြေအနေတိုးတက်ရေးအတွက်ကိုသာ နက်နက်နဲနဲ စဉ်းစားပြီး စတင် အရေးစိုက်ဆောင်ရွက်ခဲ့သည်။ မခိုင်ဇာအောင်သည် ၂၀၁၄ ခုနှစ်တွင် FTUB မှ CTUM အဖြစ်သို့ ပြောင်းလဲ ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် တွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရပြီး၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ ကုန်ထုတ်နှင့် စက်မှုလက်မှုအလုပ်သမားများအဖွဲ့ချုပ် IWFM တွင် လက်ထောက် အထွေထွေအတွင်းရေးမှူးအဖြစ် ဖြစ်လာခဲ့သည်။ ယခုအခါတွင် မခိုင်ဇာအောင်သည် IWFM ၏ ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။ မခိုင်ဇာအောင်သည် သမဂ္ဂဝင်များနှင့် အလုပ်သမားများ၏ အခြေအနေတိုးတက်ရေးအတွက် လုပ်ဆောင်ရန် သူမ၏ အနာဂတ်အချိန်များအားလုံးကို ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ထားသူ တစ်ဦး ဖြစ်ပါသည်။

## " ကျွန်မက အသက်ရှင်နေသမျှကာလတစ်လျှောက်လုံး လုပ်နိုင်တဲ့အထိ ဒီအလုပ်ကို လုပ်သွားမှာပါ "

ယခုအချိန်တွင် မခိုင်ဇာအောင်သည် သူမ၏ ညီမတစ်ယောက် ၊ အစ်ကိုတစ်ယောက်နှင့်အတူ ရုံးနှင့် နီးသော အိမ်တစ်လုံးကို ငှားရမ်းကာ အတူနေထိုင်လျက်ရှိပါသည်။ သူမ၏ အစ်ကိုဖြစ်သူက အလုပ်များသော ညီမများအတွက် အဆင်ပြေစေရန် ထမင်းဟင်း ချက်ပြုတ်ပေးလေ့ရှိပါသည်။ မခိုင်ဇာအောင်က ကျောက်တန်းရှိ အိမ်ကိုလည်း အလုပ်အချိန်ဇယားပေါ်မူတည်ပြီး အလည်ပြန်လေ့ရှိပါသည်။ သို့သော်လည်း အလုပ်များသူဖြစ်သဖြင့် စိတ်ရှိတိုင်း ပြန်၍တော့ မဖြစ်နိုင်ပါ။ သူမ၏ မိခင်ကလည်း သူမ၏ အောင်မြင်မှုများအတွက် အလွန်ဂုဏ်ယူကြောင်း ပြောပါသည်။ " သူလုပ်နေတဲ့အလုပ်က တခြားလူတွေကို ကူညီနေတာ ဖြစ်တဲ့အတွက် ဒါက မြင့်မြတ်တဲ့ အလုပ်တစ်ခုလို့ ယုံကြည်ပါတယ်။ ဒီ့အတွက်လည်း အန်တီတို့က သူ့ကို ဂုဏ်ယူရတာပေါ့။ "

မြန်မာနိုင်ငံရှိ သူမ၏ အနာဂတ်နှင့် ပတ်သက်ပြီး မေးမြန်းသည့်အခါ သူမတွင် အပြုသဘောဆောင်သော အမြင်များရှိကြောင်း သိရပါသည်။ မခိုင်ဇာအောင်အနေဖြင့် အစိုးရဥပဒေများသည် အလုပ်သမားအတွက် ပိုမိုကောင်းမွန်သော အကာအကွယ်များ ၊ အကျိုးကျေးဇူးများ ပေးသည်ကို မြင်လိုသည်။ အလုပ်ရှင်နှင့် အလုပ်သမားများကြားတွင်လည်း ကောင်းမွန်အကျိုးရှိသော ပတ်သက်မှုများ၊ ဆက်ဆံမှုများ ရှိစေချင်သည်။ ဤအချက်များသည် မြန်မာနိုင်ငံ၏



စီးပွါးရေးကဏ္ဍတိုးတက်မှုအတွက် အဓိကကျသော အချက်များဖြစ်သည်ဟု သူမက ယူဆသည်။ " ကျွန်မက အလုပ်သမားတွေကို အတတ်နိုင်ဆုံး ကူညီသွားချင်တယ်။ အစိုးရဘက်ကိုလည်း အလုပ်ရှင်နဲ့ အလုပ်သမားတွေ ရင်ဆိုင်နေရတဲ့ ပြဿနာတိုင်းကို သင့်တင့်လျောက်ပတ်စွာ ဖြေရှင်းပေးနိုင်တဲ့ ဥပဒေတွေ ပြောင်းလဲပြဋ္ဌာန်းလာဖို့အတွက် တိုက်တွန်း လှုံ့ဆော်မှုတွေ ဆက်ပြီး လုပ်ချင်ပါတယ် "

မခိုင်ဇာအောင်က အမျိုးသမီးတစ်ယောက်အနေဖြင့် ခေါင်းဆောင်နေရာတွင် တာဝန်ယူဆောင်ရွက်ရခြင်းက အမြဲတစေ လွယ်ကူသည်မဟုတ်ကြောင်း ပြောပါသည်။ အစိုးရအဖွဲ့အစည်းဌာနများ၊ ဝန်ကြီးဌာနများရှိ အာဏာရှိ ရာထူး နေရာများမှ အမျိုးသားကြီးများနှင့် အလုပ်အတူ လုပ်ဆောင်ရသော အခါများတွင် သူမကဲ့သို့ ငယ်ရွယ်သော အမျိုးသမီးတစ်ယောက်၏ အကြံပြု ချက်များကို လက်ခံစေရန်မှာ တခါတရံတွင် ခက်ခဲကြောင်း သိရပါသည်။ " ကျမတို့ အနေနဲ့ အကြံပြုချက်တွေ ပေးတဲ့အခါမှာ ဘာကြောင့်၊ ဘယ်လို၊ လုပ်သင့်တယ်။ ဖြစ်နေတာတွေနဲ့ ဖြေရှင်းဖို့လိုအပ်ချက်တွေကို အချက်အလက်နဲ့ တိတိကျကျ ပြောနိုင်ဖို့လည်း အရေးကြီးပါတယ်။ "

သူမနေရာတွင် အမျိုးသားငယ် တစ်ယောက်ဖြစ်လျှင်လည်း ယခုကဲ့သို့ပင် ခက်ခဲနိုင်သည်ဟု ယူဆကြောင်း ပြောပါသည်။ သို့သော်လည်း အမျိုးသား များသည် အမျိုးသမီးများထက် အများ၏လေးစားမှု ရရန်အတွက် ပို၍ လွယ်ကူသည်ဟု ယုံကြည်ပါသည်။

**" အမျိုးသမီးတွေက အမျိုးသားတွေထက် စည်းရုံးရေးမှာ ပိုပြီး အားစိုက်ထည့်ရပါတယ်။ ဘာ့ကြောင့်လဲဆို တခြားအမျိုးသားတွေကို သိမ်းသွင်းစည်းရုံးဖို့က အမျိုးသားဖြစ်တဲ့ သူတို့အတွက် ပိုလွယ်လို့ပါပဲ "**

သူမက ကောင်းစွာ ပြင်ဆင်မှုရှိခြင်း၊ ခိုင်မာသောအချက်အလက်များကို ကိုးကားခြင်း နှင့် ဖြစ်ရပ်နမူနာများကို လေ့လာထားခြင်းက ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဖြေရှင်းရသော်အခါများ၊ အငြင်းပွါးရသောအခါများတွင် လွန်စွာအရေးကြီးကြောင်း အလေးအနက် ပြောကြားထားပါသည်။ " ကျွန်မက အစည်းအဝေးချိန်းဆိုမှုတွေကို အမြဲတမ်း အနည်းဆုံးတစ်ပတ်ကြိုပြီး ကြည့်ထားတယ်။ ကျွန်မ လုပ်ရမယ့် အရာ၊ ပြောရမယ့်အရာ အတွက် သေချာ ပြင်ဆင်တယ်။ "

သူမက အထည်ချုပ်လုပ်ငန်းကဏ္ဍရှိ အလုပ်သမားများအတွက် အပြုသဘောဆောင်သော အနာဂတ်ရှိသည်ဟု တစ်ဖက်မှ ယုံကြည်သော်လည်း အလုပ်နှင့်ပတ်သက်၍ ပြဿနာ တစ်စုံတစ်ရာ ရှိလာသောအခါ၌ အလုပ်သမားများတွင် ထောက်ပံ့ကူညီမှု အသေအချာရစေရန်အတွက် အလုပ်သမားအဖွဲ့သို့ အသင်းဝင်ရောက်ရန်လည်း တိုက်တွန်းအားပေးထားပါသည်။ သူမက အလုပ်ရှင်အားလုံးက အလုပ်သမားဥပဒေကို နာခံနေတာမဟုတ်သည့်အတွက် အလုပ်သမားများအနေဖြင့် ထိုပြဿနာများကို သူတို့ကိုယ်တိုင် ဖြေရှင်းသည့်အခါများတွင် တခါတရံတွင် အခက်အခဲများ ရှိကြောင်း ရှင်းပြထားပါသည်။ " အလုပ်သမားအဖွဲ့အစည်းတွေက အလုပ်မှာ ထိခိုက်ဒဏ်ရာ ရတဲ့အလုပ်သမားတွေကို ဖြစ်စေ တရားမျှတမှုမရှိဘဲ အလုပ်ထုတ်ခံရတဲ့ အလုပ်သမားတွေကို ဖြစ်စေ ကာကွယ်ကူညီပေးနိုင်ပါတယ်။ "

အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် မခိုင်ဇာအောင်အတွက် မြင်သာသော ပြောင်းလဲတိုးတက်မှုတစ်ခုမှာ အလုပ်ချိန်များကို ကျိုးကြောင်းစီလျော်မှုရှိသည့် အတိုင်းအတာတစ်ခုအထိ လျှော့ချလာခြင်း ဖြစ်ပါသည်။ သူမအနေဖြင့် ထိုသို့အလုပ်ချိန်လျှော့ချခြင်းက အလုပ်သမားများကို သူတို့၏ အသက် မွေးဝမ်းကြောင်း တိုးတက်မှုအတွက် လေ့လာသင်ယူစရာ အခွင့်အလမ်းများ လက်လှမ်းမီစေသည့် အချိန်တစ်ခု ရရှိလာမည်ဖြစ်ကြောင်း ယုံကြည်ပါသည်။ တခါတရံတွင် အမျိုးသမီးများက လုပ်ငန်းခွင်သို့ မဝင်ဖူးမချင်း မိမိအသက်မွေးဝမ်းကြောင်းအတွက် မည်သို့သော အခွင့်အလမ်းများ ရှိသည်ကို မသိနိုင်ဟူသည့် အချက်မှာလည်း ပြဿနာတစ်ခုဖြစ်ကြောင်း ထောက်ပြထားပါသည်။

**" ကျွန်မတို့တွေက ကိုယ့်ရဲ့ လုပ်ငန်းအတွေ့အကြုံတွေကနေတဆင့်မှ ကိုယ့်အတွက် နောက်ထပ် ဘယ်လိုအခွင့်အလမ်းတွေ ရှိနိုင်လဲဆိုတာကို တဖြည်းဖြည်း သိမြင်လာမှာ ဖြစ်ပါတယ်။ အဲဒီလိုသိလာတဲ့အချိန်မှာ ကိုယ့်ဘဝအသက်မွေးဝမ်းကြောင်း အတွက် ကိုယ်လုပ်ချင်တာကို ရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။ "**

ဤကိုယ်ရေးရာဇဝင် စာတမ်းကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း ( ILO ) ၏ " မြန်မာ့ အထည်ချုပ်လုပ်ငန်းတွင် စံချိန်စံညွှန်းပြည့်မီကောင်းမွန်သော အလုပ်နှင့် ရေရှည် ဖွံ့ဖြိုးမှုကိုရှေးရှုသော အလုပ်သမားများနှင့် ဆက်ဆံရေးကို တိုးတက်အောင်ပြုလုပ်ခြင်း" ( ILO-GIP) စီမံကိန်းအတွက် Factive Consulting မှ ထုတ်ဝေခြင်း ဖြစ်ပါသည်။ ILO-GIP ၏ရည်ရွယ်ချက်မှာ အထည်ချုပ်လုပ်ငန်းတွင် အလုပ်သမားများနှင့် ဆက်ဆံရေး၊ လူမှုရေး တွေ့ဆုံဆွေးနွေးမှု၊ နှင့် ကျားမ တန်းတူညီမျှမှု တို့ကို တိုးတက်အောင်ပြုလုပ်လုပ်ခြင်းဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများကို စွမ်းဆောင်ရည် မြှင့်တင်ပေးရန်နှင့် ဆင်းရဲမွဲတေမှုကို လျှော့ချရန် ဖြစ်သည်။ ယခုစီမံကိန်းကို Swedish International Development Cooperation Agency (Sida) နှင့် H&M တို့မှ ရန်ပုံငွေထောက်ပံ့ခြင်း ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက https://bit.ly/ilo-gip တွင်ဝင်ရောက်လေ့လာနိုင်ပါသည်။

SWEDEN

H&M

